# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 7 , 2022 Volume 59, Number 5


၇.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၅၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၉.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၅၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၈၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၁၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား






မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ ကြုံတွေ့ရသည့်အခက်အခဲများနှင့် ဆန်စပါးကဏ္ဍ၏ အနာဂတ်ဦးတည်လားရာများကို လေ့လာသုံးသပ်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆန်စပါး စိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲတပ်ဆင်ရမည့် အစီအစဉ်များ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်ရန်ရည်ရွယ်၍ "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့်ကြိုးပမ်းစို့" ဟူသည့်ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ (Myanmar Rice Conference – 2022) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (ဇဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပုဂ္ဂလိကဘဏ်များနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦးနှင့်ဦးလှမိုးတို့က မြန်မာ့ဆန်စပါး ညီလာခံ ၂၀၂၂ အခမ်းအနား ကျင်းပပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့် ကြိုးပမ်းစို့" ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။ တင်ပြဆွေးနွေးမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းပညာများ လိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍမှလည်း ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးမြေများကို စက်ကိရိယာများအသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျပြုပြင် ဆောင်ရွက်ရန်လိုအပ်မှု၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက် ရှိသကဲ့သို့ စိုက်ပျိုးတောင်သူများအနေဖြင့်လည်း မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ဇီဝမြေဩဇာများကဲ့သို့သော သဘာဝ မြေဩဇာများကို အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေးနှင့်အောင်ရေများ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မှု၊ ဆန်စပါးများ အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ပြည်တွင်း ဈေးကွက်နှင့်ပြည်ပဈေးကွက်များသို့ရောင်းချနိုင်ရေး ဈေးကွက်ရှာဖွေခြင်းနှင့် ဈေးကွက်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှု၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှအားပေးပံ့ပိုးကူညီဆောင်ရွက် ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝံ့ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများ သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအထူးပြု ပြခန်းများအတွင်း မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်၊ စပါးများနှင့်မြေဩဇာများ ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ (Myanmar Rice Conference–2022) ကို အောက်တိုဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး ညီလာခံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးဝယ်ယူ၊ သိုလှောင်ကြိတ်ခွဲခြင်းနှင့် တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးကုန်သွယ်မှုနှင့်ပို့ကုန်မြှင့်တင်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**Source: Ministry of Commerce**

## ထိုင်းဘက်က အဝယ်များလို့ ဂေါ်ဖီထုပ်နဲ့ ပန်းဂေါ်ဖီထုပ် ဈေးကောင်းရနေပြီး တစ်ထုပ်လျှင် ဒေသပေါက်ဈေး ၁၅၀၀ မှ ၂၀၀၀ ကြားနှင့် ရန်ကုန်ဈေးကွက်တွင် ကျပ် ၃၀၀၀ အထိပေါက်ဈေးရှိနေ




ထိုင်းဘက်က အဝယ်များလို့ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီထုပ် ဈေးကောင်းရနေပြီး တစ်ထုပ်လျှင် ဒေသပေါက်ဈေး ၁၅၀၀ မှ ၂၀၀၀ ကြားနှင့် ရန်ကုန်ဈေးကွက်တွင် ကျပ် ၃၀၀၀ အထိ ပေါက်ဈေးရှိနေတယ်လို့ ရှမ်းပြည်(အောင်ပန်းမြို့)ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

"လက်ရှိမှာ ဈေးကောင်းရနေတာပေါ့။ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီထုပ်တို့က ဈေးကောင်းရ နေတယ်။ ဒီဘက်ဒေသမှာက ပေါက်ဈေးက တစ်ထုပ်ကို ၁၅၀၀ ၊ ၂၀၀၀ လောက် ပေါက်တယ်လေ။ အဲ့ဘက်တွေဆို သယ်ယူပို့ဆောင်ရေးစရိတ်တို့ ဘာတို့နဲ့ဆိုရင် ဈေးကမြောက်သွားတာပေါ့နော်။ အဲ့လိုပေါ့၊ သူက ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီထုပ်တို့က ပြောရရင် ရှမ်းပြည်ဘက်မှာပေါပါတယ်၊ အမြဲတမ်းပေါ်နေတယ်။ အခု ဈေးမြောက်တယ်ဆိုတာက ထိုင်းဘက်ကလည်း အဝယ်တွေ ဆွဲနေတယ်၊ လိုက်နေတယ်။ ပြည်တွင်းမှာကလည်း ကုန်ရှားနေတဲ့သဘောရှိတယ်။ အဲ့လိုတွေကြောင့် ဈေးတက်သွားရတဲ့ အခြေအနေပါ" လို့ အောင်ပန်းမြို့ရှိ ကုန်သည်တစ်ဦးက မြန်မာ့ပလက်ဖောင်းသို့ ပြောပြခဲ့ပါတယ်။

လက်ရှိကာလတွင် အောင်ပန်းမြို့မှာ ဂေါ်ဖီထုပ်ဈေးက သမိုင်းတစ်လျှောက် ဈေးနှုန်းအမြင့်ဆုံးရောက်ရှိနေပြီး ယခင်က တစ်ထုပ်လျှင် ၄၀၀ ကျပ်ခန့်သာ ပေါက်ဈေးရှိသော်လည်း ယခုကာလတွင် ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ၁၅၀၀ ကျပ်အထိ ရောက်ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

ယခုလို ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီထုပ်များ ဈေးကောင်းရနေသော်လည်း တောင်သူများအတွက်ကတော့ အထွေထွေ စရိတ်စကတွေ ကြီးမြင့်မှုကြောင့် အရင်းသာပြန်ရတဲ့ အခြေအနေမှာရှိနေတယ်လို့ ဒေသခံတောင်သူတွေက ဆိုပါတယ်။ "ပြောရရင် တောင်သူတွေက သိပ်မစိုက်နိုင်ကြတော့ တာပေါ့နော်။ လက်ရှိက စက်သုံးဆီတို့ ဓါတ်မြေဩဇာဈေးတွေက မြင့်နေတော့ တောင်သူတွေမှာလည်း အခက်အခဲတွေကရှိတာပေါ့။ သူတို့ဝယ်ရတဲ့ ပစ္စည်းတွေကလည်း ဈေးကြီးတယ်လေ။ နောက်တစ်ချက်က တောင်သူတွေက အရင်လိုမစိုက်နိုင်တော့ဘူး။ အရင်က အရေအတွက် နှစ်သောင်းလောက်စိုက်ရင် အခု တစ်သောင်းလောက်ပဲ စိုက်နိုင်တော့တယ်။ အဲ့လိုအနေအထားရှိပါတယ်။ အပင်အရေအတွက်ပေါ့နော်၊ ပြောရရင် မြေဩဇာဈေးမကြီးခင်တုန်းကဆို အပင်နှစ်သောင်းစိုက်နိုင်တာကနေ အခုတစ်သောင်းဆိုတော့ အထွက်နှုန်းလည်း အတော်ကျသွားပြီ ကုန်ရှားသွားတဲ့ သဘောပေါ့။ စိုက်နိုင်တဲ့အားက လျော့သွားတယ်၊ အထွက်ကျတယ် အဲ့တော့ဈေးတွေက မြောက်နေတာပေါ့။ တောင်သူတွေ ဘက်မှာလည်း အခက်အခဲလေးတွေကရှိတယ် အဲ့လိုလေးပဲ ပြောရမှာပေါ့။ စိုက်နိုင်တဲ့အားနည်းသွားလို့ ဈေးတက်တာပါ"လို့ အောင်ပန်းမြို့ ဒေသခံတောင်သူတစ်ဦးက ပြောပြခဲ့ပါတယ်။

ရန်ကုန်မြို့ရဲ့ အခြေခံစားသောက်ကုန် ဈေးကွက်အတွင်းမှာတော့ ဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၃၀၀၀ အထိ ပေါက်ဈေးရှိနေပြီး အချို့သော ဈေးများတွင် ကုန်ပစ္စည်းပြတ်လပ်မှုတွေလည်းရှိနေတယ်လို့ စုံစမ်းသိရှိရပါတယ်။ "ဂေါ်ဖီဈေးတွေက အတော်လေးတက်နေတာပါ။ အရင်က ၃၀၀၊ ၄၀၀ တန်က အခု ၃၀၀၀ လောက်ဖြစ်နေတော့ ရောင်းရတာ ဘယ်လိုမှ မကိုက်ဘူးပေါ့။ ဂေါ်ဖီသေးသေးလေး တစ်စိတ်တောင် ၁၅၀၀ လောက်ဖြစ်နေတာ အရင်က ၃၀၀၊ ၄၀၀ ဖိုးဆို စိတ်ကြိုက်ပဲလေ၊ အခုက ၃၀၀၀ ဖိုးဝယ်ထားတာတောင် ဘာမှမရဘူး"လို့ ရန်ကုန်မြို့ရှိ လက်တွန်းလှည်းဖြင့် ဈေးရောင်းချသူတစ်ဦးက ပြောပါတယ်။

ဆက်လက်ပြီး အောင်ပန်းမြို့ရှိ ကုန်သည်တစ်ဦးမှလည်း "ပစ္စည်းရရင်တော့ ဈေးကပေါ်သွားတာလေ၊ အခုက မြဝတီဘက်က တအားဆွဲနေတော့ ဒီဘက်မှာ ဂေါ်ဖီထုပ်နဲ့ပန်းဂေါ်ဖီထုပ်တို့က နည်းနည်းပြန်ရှားနေတယ်။ အဲ့ဒါကြောင့် ဈေးနည်းနည်း မြောက်သွားတာပါ။ ဈေးတက်ပေမယ့် ဈေးကောင်းရပေမဲ့ တောင်သူတွေဘက်ပြန်ကြည့်ရင်လည်း မနည်းလုပ်နေရတဲ့ အနေအထားပါ။ တချို့ဆို အရင်းပဲပြန်ရတဲ့ အနေအထားပါ။ အကုန်လုံးက ဈေးတွေ စရိတ်စကတွေက မြင့်နေတော့ တောင်သူတွေမှာလည်း မဖြစ်မနေလုပ်နေရတဲ့ အနေအထားပဲရှိပါတယ်"လို့ သူက ပြောပြခဲ့ပါတယ်။

ဤဆောင်းပါးကို MyanmaPlatform မှကူးယူဖော်ပြပါသည်။

**Source:** htwettoe

## သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီတင်သင်္ဘောလေးစီး ဝင်ရောက်ပြီးသော်လည်း ယနေ့ စက်သုံးဆီဈေးပြန်တက်

ရန်ကုန်တိုင်း၊ သီလဝါဆိပ်ကမ်းသို့ စက်သုံးဆီတင်သင်္ဘောလေးစီး ဝင်ရောက်ခဲ့သော်လည်း စက်သုံးဆီဈေးနှုန်းများမှာ ယာယီသာကျဆင်းခဲ့ပြီး ယနေ့(အောက်တိုဘာ ၆ ရက်) တွင် ဈေးနှုန်းပြန်လည်မြင့်တက်လျက်ရှိကြောင်း စက်သုံးဆီ အရောင်းဆိုင်များထံမှသိရသည်။

အဆိုပါ သီလဝါဆိပ်ကမ်းရှိ Terminal ၌ ပြီးခဲ့သည့် စက်တင်ဘာ ၂၅ ရက်မှ ယနေ့အထိ သင်္ဘောလေးစီးဖြင့် ဝင်ရောက်ခဲ့သည့် စက်သုံးဆီပမာဏမှာ ဓာတ်ဆီ-92 က ဂါလံပေါင်း ၆ ဒသမ ၄၅ သန်း၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလံပေါင်း ၁၁ ဒသမ ၄၉ သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ဂါလံပေါင်း ၁ ဒသမ ၈၆ သန်းရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

ယနေ့ စက်သုံးဆီဈေးနှုန်းများမှာ ဓာတ်ဆီ-92 တစ်လီတာလျှင် ၁၉၆၀ ကျပ်၊ 95 တစ်လီတာလျှင် ၂၀၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၅၇၅ ကျပ်နှင့် ပရီမီယမ်ဒီဇယ် တစ်လီတာလျှင် ၂၆၆၀ ကျပ်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် စက်သုံးဆီ ဈေးနှုန်းအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ပိုမိုရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်များအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ၂၀၁၇ ခုနှစ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ထုတ်ပြန်ထားသည်။

**Source:** http://sdtimedaily.com/

## အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၂၀၁၇၀၀၀ ဝန်းကျင်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေး ကျပ် ၂၆၇၀၀၀၀ ဝန်းကျင်အထိရှိလာ



https://news-eleven.com/article/238457

အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၂၀၁၇၀၀၀ ဝန်းကျင်သတ်မှတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေး ကျပ် ၂၆၇၀၀၀၀ ဝန်းကျင်အထိရှိလာခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၃၀ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၃၀၃၀၀၀၀ ဝန်းကျင်ဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး ဩဂုတ် ၃၀ ရက် နေ့လည်တွင် ၃၁၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်ပြီး ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီ ဝန်းကျင်တွင် ပြင်ပဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၁၇၅၀၀၀ ဝန်းကျင်ထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိခဲ့ပြီး၊ ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်းကျော်အထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈-၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင် ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြကြောင်းသိရသည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေလဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေလုပ်ငန်းရှင်များမှ ဈေးကွက်တွင်မူ အဆိုပါဈေးဖြင့် ဝယ်ယူမရနိုင်ဘဲ ပြင်ပပေါက်ဈေးဖြင့်သာ ဝယ်ယူ ရောင်းချနေရသဖြင့် ယင်းကဲ့သို့ ရောင်းချနေရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/238457

## စိုက်ပျိုးသင့်သည့် နေကြာသီးနှံ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ ဆီထွက်သီးနှံများ ဈေးကွက်ဝေစု ပိုမိုရရှိနိုင်ရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်၊ ဈေးကွက် အမယ်အသစ်များ ရှာဖွေနိုင်ရန်ရည်ရွယ်၍ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဖော်ပြလိုက်ပါသည်။

နေကြာပင်မှ အစေ့ကိုလှော်၍ နေကြာစေ့လှော်အဖြစ်လည်းကောင်း၊ နေကြာစေ့ကို ကြိတ်ပြီး နေကြာဆီအဖြစ်လည်း အသုံးပြုနေကြပါသည်။ နေကြာစေ့လှော်သည် နှလုံးကျန်းမာရေးကို ကောင်းမွန်စေပြီး သွေးလည်ပတ်စီးဆင်းမှုကို များစွာ အထောက်အကူဖြစ်စေပြီး နေကြာဆီသည်လည်း ကျန်းမာရေးအတွက် သင့်လျော်သော မပြည့်ဝဆီ အမျိုးအစားဖြစ်ပါသည်။ နေကြာဆီကို စားသုံးဆီအဖြစ် အသုံးပြုသကဲ့သို့ အလှကုန်ပစ္စည်းများတွင်လည်း အသုံးပြုလျှက်ရှိကြပါသည်။ နေကြာကြိတ်ဖတ် (နေကြာဖတ်)ကို တိရိစ္ဆာန်အစာနှင့် Organic စိုက်ပျိုးရေးသုံးမြေသြဇာအဖြစ် အသုံးပြုနိုင်လျှက်ရှိသည်။

နေကြာပင်သည် မြေသားမွပြီး မြေဆီအဟာရထက်သန်သောမြေ၊ နုံးမြေ၊ ရေစိမ့်အားကောင်းပြီး ရေမဝပ်သော သဲနှုန်းမြေ၊ နုံးမြေဆွေးတို့တွင် ကောင်းစွာဖြစ်ထွန်းပြီး မြေချဉ်ငံကိန်း (PH) 6.0 မှ 7.5 အတွင်းတွင် စိုက်ပျိုးရန် အကောင်းဆုံးဖြစ်ပါသည်။ မိုးခေါင်ဒဏ်ခံနိုင်၍မိုးများပြီး ရေဝပ်သောဒဏ် မခံနိုင်သည့်အတွက် မိုးများသောဒေသများတွင် မိုးနှောင်းနှင့်ဆောင်းဦးကာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေကြာကို ဆောင်းရာသီတွင် အဓိကထားစိုက်ပျိုးပြီး ၂၀၂၂-၂၀၂၃ ဆောင်းနေကြာ ဧက ၃ သိန်းကျော် စိုက်ပျိုးရန်လျာထားပြီး မိုးနေကြာကိုလည်း ဧက ၄ သောင်းကျော် စိုက်ပျိုးကြောင်းသိရပါသည်။ စိုက်ပျိုးထားရှိသော ခရိုင်များမှာ စစ်ကိုင်းခရိုင် (၁၄၇၅၇) ဧက၊ ယင်းမာပင်ခရိုင် (၁၃၉၅၇)ဧက၊ မုံရွာခရိုင် (၈၂၄၆) ဧက၊ ရွှေဘိုခရိုင် (၄၉၉၆)ဧက၊ ရွှေဘိုခရိုင် (၁၁၃၁)ဧက ဖြစ်ပြီး ကန့်ဘလူခရိုင် ၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ခန္တီးခရိုင်၊ ဟုမ္မလင်းခရိုင်နှင့် နာဂဒေသတို့တွင်လည်း ဧကအနည်းငယ်စီ စိုက်ပျိုးကြောင်းသိရသည်။ အများဆုံးစိုက်ပျိုးသော မျိုးစေ့များမှာ ရေဆင်းစပ်မျိုး (၁)၊ ဆင်းရွှေကြာ(၂)နှင့် ဒေသမျိုးတို့ဖြစ်ပြီး တစ်ဧကလျှင် မျိုးစေ့ (၄/၅) ပြည်ခန့် စိုက်ပျိုးရကြောင်းသိရသည်။

နေကြာပင်သည် အမြစ်အုံကြီးမားသဖြင့် ရေနှင့်အစာအဟာဓာတ်ကို များစွာစားသုံးသော အပင်ဖြစ်ပြီး အပင်ကြီးထွားစေရန်နှင့် အစေ့အဆန်အောင်မြင်စေရန်အတွက် သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာများ လိုအပ်လျှက်ရှိသည်။ မြေပြုပြင်သည့်အချိန်မှစ၍ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာထည့်ပေးပါက ပို၍ကောင်းမွန်ပါသည်။ နေကြာပင်စိုက်ပျိုးပြီး ရက်ပေါင်း (၈၀/၈၅)ရက်ခန့် ရရှိပြီး နေကြာပွင့်များ၏ နောက်ကျောဘက် အဝါရောင်ပြောင်းချိန်တွင် ရိတ်သိမ်းနိုင်ပါသည်။ ရိတ်သိမ်းပြီး နေကြာပွင့်များကို နေပူပူတွင် (၂/၃)ရက်ခန့် နေလှမ်းထားပြီး ခြောက်သွေ့ပါက နေကြာစေ့များရရှိအောင် တုတ်ဖြင့်ပုတ်၍သော်လည်းကောင်း၊ စက်ဖြင့်သော်လည်းကောင်း ချွေလှေ့ပေးရပါသည်။ နေကြာတစ်ဧကလျှင် နေကြာစေ့ တင်း (၂၀/၂၅) တင်းခန့်ထွက်ရှိပြီး ကုန်ကျစရိတ် (၃) သိန်းကျော်ကုန်ခန့်ကျပြီး နေကြာတစ်ဧက အစေ့ပျမ်းမျှ (၂၀) တင်းထွက်ပါက လက်ရှိပေါက်ဈေး (၄၀၀၀၀) ကျပ်ဖြင့်ရောင်းချပါက တောင်သူများအကျိုးအမြတ်များစွာရရှိသော သီးနှံဖြစ်ပါသည်။

ထွက်ရှိလာသော လှော်နေကြာအစေ့များကို ဒေသတွင်း နေကြာစေ့လှော်လုပ်ငန်းရှင်များက ဝယ်ယူကြပြီး၊ ဆီနေကြာစေ့ကို အချို့က အစေ့အတိုင်းရောင်းပြီး အများစုကဆီကြိတ်ပြီး နေကြာဆီကို အိမ်တွင်စားသုံးရန်သိုလှောင်ပြီး ပိုလျှံသောဆီများကို ဆီစက်များ၊ ဆီပွဲစားများကို ရောင်းချလျှက်ရှိကြောင်းသိရသည်။ နေကြာစေ့တစ်တင်း ဆီကြိတ်လျှင် ဆီ ၃ ပိဿာကျော် ရရှိပြီး၊ နေကြာဖတ် ၆ ပိဿာခန့်ထွက်ရှိပြီး ဆီကြိတ်ခမှာ တစ်တင်းလျှင် (၂၅၀၀-၃၀၀၀ )ကျပ်ခန့်ထိ ကြိတ်ခွဲရပါသည်။ ဆီစက်လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်နိုင်၍ ဒေသတွင်းလုပ်သားများလည်း အလုပ်အကိုင်ရရှိစေပါသည်။ စက်တင်ဘာလ ၏ နောက်ဆုံးအပတ် နေကြာဆီ တစ်ပိဿာပေါက်ဈေးနှုန်းမှာ (၁၂၀၀၀)ကျပ်၊ နေကြာစေ့ တစ်ပိဿာလျှင် (၄၅၀၀)ကျပ် ဖြစ်ကာ ယခင်နှစ် ကာလတူနှိုင်းယှဉ်ပါက ဈေးနှုန်းထက်ဝက်ခန့် မြင့်တက်နေသဖြင့် တောင်သူများ များစွာအကျိုးအမြတ် ရရှိလျှက်ရှိပါသည်။

နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းသည် တောင်သူ၊ စက်ပိုင်နှင့်ကုန်သည်ပွဲစား အကျိုးအမြတ်ရရှိစေပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။ နေကြာသီးနှံပိုမိုစိုက်ပျိုးပါက စားသုံးဆီဈေးကွက်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီစားသုံးမှု ပိုမိုကျယ်ပြန့်လာပြီး နေကြာဆီဈေးကွက် ပိုမိုတိုးတက်လာနိုင်ပါသဖြင့် နေကြာသီးနှံကို GAP စနစ်ဖြင့် မျိုးကောင်း၊ မျိုးသန့်များကိုရွေးချယ်ကာ ယခုထက် ပိုမိုစိုက်ပျိုးသင့်ပါသည်။

**Source: ဖေယျာကုန်သွယ်မှုဗဟိုဌာန**

## ဆန်အမျိုးအစားအချို့ ဈေးပြန်ကျလာ

ပြင်ပဒေါ်လာငွေလဲနှုန်း ကျဆင်းမှုနဲ့အတူ ကုန်စည်တချို့ ဈေးပြန်ကျပေမယ့် အတက်ဈေးမှာသာ ငြိမ်နေခဲ့တဲ့ ဆန်ဈေးတွေဟာ မနေ့က (အောက်တိုဘာ ၅ ရက်) မှာတော့ အနည်းငယ် အကျဘက်ပြန်ရောက်သွားတာပါ။

အမျိုးအစားအကုန်လုံးတော့မဟုတ်ဘဲ အချို့သာ ဈေးအနည်းငယ် ပြန်လည်ကျဆင်းသွားတာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ဈေးအတက်အကျ ထပ်မရှိဘဲ မနေ့ကဈေးတွေအတိုင်းသာ ဆက်ရှိနေပါတယ်။

အိန္ဒိယနိုင်ငံမှာ မိုးနည်းပြီး စပါးအစိုက်ကျဆင်းခဲ့တဲ့အတွက် အစိုးရက ပြည်ပဆန်တင်ပို့မှုကို ပိတ်ပင်လိုက်ပြီးနောက် ထိုင်း၊ ဗီယက်နမ်၊ မြန်မာစတဲ့ ဆန်အဓိကတင်ပို့ရာနိုင်ငံတွေမှာ ဈေးနှုန်းတွေမြင့်တက်လာနိုင်တယ်လို့ ကုန်သည်နဲ့ဈေးကွက်ကျွမ်းကျင်သူတွေက ခန့်မှန်းမှုတွေပြုလုပ်ထားပေမဲ့ လက်ရှိမှာတော့ မြန်မာ့ဆန်အမျိုးအစားအချို့ဟာ ဈေးအနည်းငယ် ပြန်ကျဆင်းသွားတာဖြစ်ပါတယ်။

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်တနင်္လာနေ့ (အောက်တိုဘာ ၃ ရက်) ဆန်ဈေးနှုန်းတွေနဲ့ ဒီနေ့ (အောက်တိုဘာ ၆ ရက်) ဆန်ဈေးနှုန်းတွေကို အောက်ကဇယားမှာ နှိုင်းယှဉ်ကြည့်ရှုနိုင်ပါတယ်။ (၁ တင်းခွဲ ဈေးနှုန်းတွေဖြစ်ပါတယ်။)

| ဆန်အမျိုးအစား | ၃.၁၀.၂၀၂၂ | ၆.၁၀.၂၀၂၂ |
|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ၈၃၀၀၀ မှ ၉၃၀၀၀ | ၈၀၀၀၀ မှ ၉၀၀၀၀ |
| ဆန်(ဧည့်မထ ၂၅%)(သစ်) | ၄၁၀၀၀ မှ ၄၂၀၀၀ | ၃၆၅၀၀ မှ ၃၇၅၀၀ |
| ပေါ်ဆန်းရှယ်(သ) | ၆၂၅၀၀ မှ ၆၃၀၀၀ | ၆၀၀၀၀ မှ ၆၂၃၀၀ |
| တောင်ပျံ(ဗျာပုံ)(သစ်) | ၇၀၀၀၀ မှ ၇၂၀၀၀ | ၆၅၀၀၀ မှ ၇၀၀၀၀ |
| ပေါ်ကြွဲ(ဗျာပုံ)(သစ်) | ၅၂၀၀၀ မှ ၅၃၀၀၀ | ၅၀၀၀၀ မှ ၅၃၀၀၀ |
| တောင်ပျံ(မော်ကျွန်း)(သစ်) | ၆၈၀၀၀ မှ ၇၀၀၀၀ | ၆၆၀၀၀ မှ ၆၈၀၀၀ |
| ပေါ်ကြွဲ(မော်ကျွန်း)(သ) | ၅၀၀၀၀ မှ ၅၄၀၀၀ | ၄၉၀၀၀ မှ ၅၂၀၀၀ |

https://greenwaymyanmar.com

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Market_Prices_Decrease

## ရန်ကုန်နှင့်မန္တလေး၌ ရွှေခြောက်ပိဿာ လေလံတင်ရောင်းချမှုတွင် ကြမ်းခင်းဈေး တစ်ကျပ်သားလျှင် ကျပ် ၂၄ သိန်းသတ်မှတ်ခဲ့ပြီး ရွှေပိဿာအားလုံးရောင်းချခဲ့ရ

ရန်ကုန်နှင့်မန္တလေးတွင် ရွှေခြောက်ပိဿာ လေလံတင်ရောင်းချမှုတွင် ကြမ်းခင်းဈေး တစ်ကျပ်သားလျှင် ကျပ် ၂၄ သိန်း သတ်မှတ်ခဲ့ပြီး ရွှေပိဿာအားလုံး ရောင်းချခဲ့ရကြောင်းသိရသည်။

ရန်ကုန်တွင်ပြုလုပ်သည့် ရွှေလေလံပွဲတွင် တစ်ကျပ်သားလျှင် ကျပ် ၂၅ သိန်းဖြင့် လေလံအောင်မြင်သွားကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။ အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ကျောက်မျက်ခန်းမတွင်ပြုလုပ်သည့် ရွှေလေလံတင်ရောင်းချပွဲတွင် ရွှေသုံးပိဿာအား တစ်ကျပ်သားလျှင် ကျပ် ၂၅ သိန်း ဝန်းကျင်ဖြင့် ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ရွှေလေလံပွဲတွင် ကြမ်းခင်းဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၂၄ သိန်း သတ်မှတ်ထားပြီး လေလံတင်ရောင်းချခဲ့သည့် ရွှေသုံးပိဿာလုံးကို ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ အလားတူ မန္တလေးမြို့တွင်လည်း ရွှေသုံးပိဿာကို လေလံစနစ်ဖြင့်ရောင်းချခဲ့ရာ ကြမ်းခင်းဈေးအဖြစ် တစ်ကျပ်သားလျှင် ကျပ် ၂၄ သိန်း သတ်မှတ်ခဲ့ပြီး ၂၄ သိန်းခွဲဖြင့် နှစ်ပိဿာ ၂၄ သိန်း ရှစ်သောင်းဖြင့် တစ်ပိဿာရောင်းချခဲ့ရကြောင်း မန္တလေးရွှေအသိုင်းအဝိုင်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းမရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်တို့တွင် ရွှေစင်တုံးနှင့်ရွှေစင်ခဲ သုံးပိဿာစီကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရွှေစင်တုံးနှင့် ရွှေစင်ခဲများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရောင်းချပေးမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ နေပြည်တော် (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်) နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မန္တလေးစခန်းရုံးတို့တွင် အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/238464

## ချင်းပြည်နယ်အတွင်းရှိ ခရိုင်များတွင် ထောပတ်ပင် ဧက ၆၀၀ ကျော် စိုက်ပျိုးထား



https://www.myawady.net.mm/node/31144

ချင်းပြည်နယ်အတွင်းရှိ ခရိုင်များတွင် ထောပတ်ပင် ဧက ၆၀၀ ကျော် စိုက်ပျိုးထားကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ ချင်းပြည်နယ်တွင် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီက ထောပတ်သီးနှံကို ဟားခါးခရိုင်တွင် ၂၃ ဧက၊ ဖလမ်းခရိုင်တွင် ၃၀၈ ဧက၊ တီးတိန်ခရိုင်တွင် ၁၃၉ ဧက၊ မတူပီခရိုင်တွင် ၁၁ ဧကနှင့် မင်းတပ်ခရိုင်တွင် ၁၆၃ ဧက စုစုပေါင်း ထောပတ် ၆၄၄ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ထောပတ်သီးနှံသည် ဈေးကောင်းရရှိသည့် သီးနှံဖြစ်သည့်အတွက် ချင်းပြည်နယ်အတွင်းရှိ တောင်သူများကြိုက်နှစ်သက်ကာ ပြည်နယ်အတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိရာ ထောပတ်အများဆုံးစိုက်ပျိုးသည့်ခရိုင်မှာ ဖလမ်းခရိုင်ဖြစ်ပြီး ထောပတ်သီးနှံ ၃၀၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ထောပတ်သီးနှံသည် နိုင်ငံတကာ ဈေးကွက်ဝယ်လိုအားရှိခြင်း၊ လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်း၊ တစ်ဧက အကျိုးအမြတ်များစွာရရှိသည့် သီးနှံဖြစ်ခြင်းကြောင့် ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်နှင့် မင်းတပ်မြို့နယ်တို့အတွင်း၌ ဒေသခံတောင်သူများ စိုက်ပျိုးရေး ဝင်ငွေတိုးပွားစေရေးအတွက် ထောပတ်သီးနှံကို စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31144

## တရုတ်နိုင်ငံ၏ တိုက်ရိုက်ထုတ်လွှင့်မှုလုပ်ငန်း ၂၀၂၂ တွင် အဆမတန်ဖွံ့ဖြိုးလာ

တရုတ်နိုင်ငံ၏ တိုက်ရိုက်ထုတ်လွှင့်မှုလုပ်ငန်း live-streaming industry သည် မကြာသေးမီနှစ်များအတွင်း ကိန်းဂဏန်းတိုးတက်မှုကို မြင်တွေ့ရကြောင်း၊ ယင်းသည် ဘရန်း (အမှတ်တံဆိပ်) များကို တရုတ်စားသုံးသူများနှင့် ထိတွေ့ဆက်ဆံပြီး အပြန်အလှန်အကျိုးပြုသည့် ပုံစံဖြင့်ချိတ်ဆက်ရန် ထူးခြားသောအခွင့်အရေးကိုပေးကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တရုတ်၏ e-commerce တိုက်ရိုက်ထုတ်လွှင့်မှုကဏ္ဍ၏ စုစုပေါင်းဝင်ငွေသည် ကြည့်ရှုသူစုစုပေါင်း သန်း ၆၆၀ ဖြင့် ရမ်မန်ဘီ ၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံ) သို့ ရောက်ရှိရန် ခန့်မှန်းထားသည်။

၂၀၂၁ ခုနှစ် iResearch ၏ အစီရင်ခံစာအရ ဤကိန်းဂဏန်းသည် ၂၀၂၃ ခုနှစ်တွင် ယွမ် ၄.၉ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၂၀ ဘီလီယံ) အထိ တိုးလာမည်ဟုခန့်မှန်းထားကြောင်း၊ ယင်းသည် နိုင်ငံတွင်း e-commerce ရောင်းချမှုစုစုပေါင်း၏ ၁၁.၇ ရာခိုင်နှုန်းကို တွက်ချက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးသို့ တွန်းအားအသစ်များပေးမည်ဖြစ်ကြောင်း၊ Livestreaming သည် ကုန်အမှတ်တံဆိပ်များ အရောင်းမြှင့်တင်ရန်နှင့် လယ်သမားများကဲ့သို့သော အသေးစား အော်ပရေတာများအတွက် စားသုံးသူများထံ ပိုမိုကောင်းမွန်စွာ ဝင်ရောက်ခွင့်ရရှိရန် အဓိကနည်းလမ်းအဖြစ် လုပ်ဆောင်ပေးနိုင်ကြောင်း၊ ၎င်းသည် ကပ်ရောဂါကာလအတွင်း အဆမတန်ကြီးထွားလာကာ လူများအား အွန်လိုင်းဈေးဝယ်ရန်နှင့် lockdowns များကြားတွင် အပြန်အလှန်အကျိုးသက်ရောက်မှုနှင့် အတွေ့အကြုံများရရှိရန် လှုံ့ဆော်ပေးချက်များ တိုးပွားလာကြောင်း၊ လက်ရှိတွင်

e-commerce ကုမ္ပဏီကြီး Alibaba ၏ Taobao Live သည် သုံးစွဲသူများ၏ ၆၈.၅ ရာခိုင်နှုန်းကို ရယူထားပြီး Douyin နှင့် Kuaishou တို့က တိုက်ရိုက်ထုတ်လွှင့်မှု အဓိကဝေစုကို ရယူထားသည်။ JD.com နှင့် Baidu ကဲ့သို့သော အခြားသော တရုတ်အင်တာနက် ကစားသမားကြီးများသည်လည်း ဈေးကွက်တွင် ၎င်းတို့၏တည်ရှိမှုကို တိုးမြင့်လာစေရန် ကြိုးစားနေကြသည်။

တိုက်ရိုက်ထုတ်လွှင့်သူများသည် e-commerce ခေတ်တွင် အရောင်းသမားများဖြစ်ကြောင်း ၂၀၂၀ ခုနှစ် စာရင်းအရ "ပရော်ဖက်ရှင်နယ်" တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တင်ဆက်သူ အနည်းဆုံး ၁.၂၃ သန်းရှိပြီး ၂၀၁၉ တွင် ၂၅၀,၀၀၀ ဦးနှင့် နှိုင်းယှဉ်နိုင်ပါကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းနှင့်ကူးသန်းရောင်းဝယ်ရေးဗျူရိုတွင် စာရင်းသွင်းသူများသည် ၎င်းတို့၏ ထုတ်ကုန်များ ကြော်ငြာရန်အတွက် အကောင့်ဖွင့်နိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ တိုက်ရိုက်ထုတ်လွှင့်မှု ဈေးဝယ်နေရာအား ကြည့်ရှုသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဤလုပ်ငန်း၏ အားတက်ဖွယ်နှင့် ကန့်သတ်ချက်နှစ်ခုလုံးကို တိုင်းတာရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ဦးဆောင်မှုနောက်တွင် အနောက်တိုင်းကုန်အမှတ်တံဆိပ်များ၊ လက်လီရောင်းချသူများနှင့် ဈေးကွက်များသည် ထုတ်ကုန်များကိုမြှင့်တင်ရန်အတွက် ၎င်းတို့၏ ကိုယ်ပိုင်တိုက်ရိုက်-ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများနှင့် ပွဲများကိုတည်ထောင်ကြကြောင်း၊ ဥပမာအားဖြင့်၊ Tommy Hilfiger သည် တရုတ်နိုင်ငံတွင် အောင်မြင်ပြီးနောက် ၎င်း၏တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို ဥရောပနှင့်မြောက်အမေရိကသို့ မကြာသေးမီကတိုးချဲ့ခဲ့ပြီး ရှိုးတစ်ခုတွင် ပရိသတ် ၁၄ သန်းကို ဆွဲဆောင်ခဲ့ပြီး နှစ်မိနစ်အတွင်း hoodies ၁၃၀၀ ခု ရောင်းချခဲ့ကြောင်း၊ တိုက်ရိုက်ထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် အလားအလာသည် အားကောင်းနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် ယခင်က လက်လှမ်းမမီနိုင်သော ဈေးကွက်များတွင် ဆွဲငင်မှုကို လွယ်ကူချောမွေ့စေပြီး ဖောက်သည်-အမှတ်တံဆိပ် ဆက်ဆံရေးကို မြှင့်တင်ပေးပြီး သုံးစွဲသူများထံမှ တန်ဖိုးရှိသော ထိုးထွင်းသိမြင်မှုများကို တိုက်ရိုက်ဆွဲယူပေးသောကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**ရင်းမြစ် www.china-briefing.com/news/chinas-livestream-industry-market-growth-regulation-enabling-technology-and-business-strategies/**

https://myantrade.gov.mm/article/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%81%8F%20% C

## STOCK EXCHANGE (7.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,600 | +100 | +1.05% | 9,600 | 9,600 | 9,600 | 239 | 2,294,400 | 33,109,694 | 317,853 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,600 | 3,550 | 4,315 | 15,319,750 | 38,929,150 | 138,198 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 84 | 655,200 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +1,000 | +5.26% | 19,500 | 20,000 | 19,500 | 834 | 16,617,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 176 | 487,800 | 12,823,224 | 35,905 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 370 | 1,017,500 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | -100 | -1.96% | 5,100 | 5,100 | 5,000 | 987 | 4,955,000 | 10,497,598 | 52,488 |

## Market summary

As of 7th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.60 | +3.29 | +0.79% | 416.88 | 420.72 | 416.88 | 7,005 | 41,346,650 | 7 | 729,950 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 7th Oct. 2022

| MYANPIX | 419.60 ▲ 3.29 |
|---|---|
| Total Volume (shares) | 7,005 |
| Total Value (MMK) | 41 mil |
| Listed Company | 7 |
| Market Cap. (MMK) | 729,950 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,600 | ▲ 100 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 1,000 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,000 | ▼ 100 |